## ကျွန်ုပ်တို့အား ဆက်သွယ်ပါ

**ဖုန်း -** 1300 88 22 33 သို့မဟုတ် (03) 9298 4598

အင်္ဂလိပ်ဘာသာစကားမဟုတ်သည့် အခြားဘာသာစကားတစ်ခုဖြင့် ကျွန်ုပ်တို့အားဆက်သွယ်ရန်အတွက် ကျွန်ုပ်တို့၏ တယ်လီဖုန်း စကားပြန်သူ ဝန်ဆောင်မှု (TIS) သို့ 131 450 အား ခေါ်ဆိုပါ။

## ဝန်ဆောင်မှု စင်တာများ

- Realm, Ringwood Town Square, 179 Maroondah Highway (Ringwood ဘူတာနှင့် မျက်နှာချင်းဆိုင်)
- Croydon ဝန်ဆောင်မှု စင်တာ (Croydon Service Centre) - Civic Square, Croydon

## သင့်အကြံပေးကောင်စီအဖွဲ့နှင့် နိုင်ငံသားဖြစ်ခြင်း

### သင့်အကြံပေးကောင်စီဝင်များ

Maroondah တွင် လူနာဆောင် ကိုးခုရှိပါသည်။

Maroondah လူမှုအသိုင်းအဝိုင်းအား ကိုယ်စားပြုရန် ရွေးကောက်တင်မြှောက်ထားသည့် မြို့တော်ဝန်နှင့် ဒုမြို့တော်ဝန်တို့အပါအဝင် အကြံပေးကောင်စီဝင်များ အားလုံးပေါင်း ကိုးဦးရှိပါသည်။

- Barngeong လူနာဆောင် - Marijke Graham
- Bungalook လူနာဆောင် - Tony Dib
- Jubilee လူနာဆောင် - Mike Symon
- McAlpin လူနာဆောင် - Suzanne Stojanovic
- Tarralla လူနာဆောင် - Paul Macdonald
- Wicklow လူနာဆောင် - Tasa Damante
- Wombolano လူနာဆောင် - Kylie Spears
- Wonga လူနာဆောင် - Nora Lamont
- Yarrunga လူနာဆောင် - Rob Steane

### နိုင်ငံသားဖြစ်ခြင်း

ဩစတြေးလျ နိုင်ငံသားတစ်ဦးဖြစ်လာရန်အတွက် အွန်လိုင်းဖြင့် သို့မဟုတ် ကောင်စီ၏ဝန်ဆောင်မှု စင်တာတစ်ခုခုရှိ လျှောက်လွှာပုံစံကို ဖြည့်စွက်ခြင်းဖြင့် သင် လျှောက်ထားနိုင်ပါသည်။

လင့်ခ် - http://www.citizenship.gov.au/

Maroondah ၌ တစ်နှစ်လျှင် နိုင်ငံသားဖြစ်ခြင်း အခမ်းအနားများကို ခန့်မှန်းခြေအားဖြင့် ငါးကြိမ် ပြုလုပ်ကျင်းပပါသည်။ အခမ်းအနားများကို ဩစတြေးလျ နိုင်ငံသားဖြစ်ခြင်း ဥပဒေအောက်ရှိ လိုအပ်ချက်များအရ ပြုလုပ်ဆောင်ရွက်ပြီး၊ ၎င်းသည် Maroondah မြို့အတွက် မိမိ၏နိုင်ငံသား အသစ်များအား တရားဝင်ကြိုဆိုမှုပြုရန်လည်း အခွင့်အရေးပေးပါသည်။

အခမ်းအနားတွင် ဩစတြေးလျ နိုင်ငံသားဖြစ်မှု ခံဝန်ကတိပေးချက်ကို သင်ပြုလုပ်ရပြီး ကြိုဆိုသည့်အနေဖြင့် တရားဝင်အထောက်အထား လက်မှတ်တစ်ခုနှင့် အပင်တစ်ပင်ကို လက်ဆောင်အဖြစ် သင် လက်ခံရရှိပါလိမ့်မည်။

နောက်လာမည့် အခမ်းအနား နေ့စွဲများအား ကြည့်ရှုပါ -

http://www.maroondah.vic.gov.au/citizenship.aspx

# လူ့အသိုင်းအဝိုင်းနှင့် ကျန်းမာရေး

## မိခင်နှင့် ကလေးကျန်းမာရေး

မိခင်နှင့် ကလေးကျန်းမာရေး ဝန်ဆောင်မှုသည် မိသားစုဆိုင်ရာ အချက်အလက်များ၊ အကြံဉာဏ်များ၊ အကဲဖြတ်စစ်ဆေးမှု၊ လွှဲပြောင်းညွှန်းဆိုခြင်း၊ နှင့် မိမိတို့၏ကလေးများအား ပြုစုစောင့်ရှောက်ရန်အတွက် တစ်ကိုယ်ရေ ကူညီပံ့ပိုးမှုတို့ကို ကမ်းလှမ်းထားသော အခမဲ့ဝန်ဆောင်မှုတစ်ခု ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ပံ့ပိုးစီစဉ်မှုများမှာ -

- အကဲဖြတ်စစ်ဆေးမှုများ
- မိခင်နို့တိုက်ကျွေးခြင်းဆိုင်ရာအချက်အလက်များ
- ပထမဆုံးအကြိမ် မိဘဖြစ်လာသူအဖွဲ့များ
- မိဘအုပ်ထိန်းမှုဆိုင်ရာ ပညာပေး
- ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ အချက်အလက်
- အာဟာရဆိုင်ရာ အကြံဉာဏ်များ
- အိပ်စက်မှုဆိုင်ရာ သင်တန်းကျောင်း
- ကလေးငယ် အသုံးအဆောင်ပရိဘောဂ (အရည်အချင်းပြည့်မီသော မိသားစုများအတွက် ကလေးအိပ်ကုတင်များနှင့် ကလေးကားထိုင်ခုံများ)။

အစီအစဉ် သို့မဟုတ် သင်တန်းသို့ သင်နှင့်အတူတက်ရောက်ရန် စကားပြန်ကို ကောင်စီမှ စီစဉ်ပေးနိုင်ပါသည်။

အစီအစဉ်များအကြောင်းနှင့်ပတ်သက်ပြီး နောက်ထပ်အချက်အလက်များအတွက် Maroondah ၏ မိခင် နှင့် ကလေးကျန်းမာရေး အဖွဲ့ထံသို့ 9294 5777 မှတစ်ဆင့် ခေါ်ဆိုပါ။

## မိခင်နှင့် ကလေးကျန်းမာရေးဆိုင်ရာ သူနာပြုများ

သင် ကလေးမွေးဖွားပြီးသည့်နောက် မိခင်နှင့် ကလေးကျန်းမာရေးဆိုင်ရာ သူနာပြုမှ သင့်နေအိမ်သို့ အွအး လာရောက်လည်ပတ်ရန် သင့်အား ဖုန်း ဆက်ပါလိမ့်မည်။ စင်တာသို့ ဆက်လက်သွားရောက်ရန်အတွက် ချိန်းဆိုချက်များဖြင့် ပြုလုပ်နိုင်ပါသည်။

ကျေးဇူးပြု၍ ရက်ချိန်များအားလုံးသို့ သင့်ကလေး၏ အရေးကြီးသော ကျန်းမာရေးအချက်အလက်များအားလုံးပါဝင်သည့် ကလေးကျန်းမာရေး မှတ်တမ်းစာအုပ်အား ယူဆောင်လာရန် မမေ့ပါနှင့်။

ကာကွယ်ဆေးထိုးခြင်း အချိန်ဇယားများကို သင့် မိခင်နှင့် ကလေးကျန်းမာရေးဆိုင်ရာ သူနာပြုထံမှလည်း ရရှိနိုင်ပါသည်။

မွေးစအရွယ်မှ ကျောင်းတက်အရွယ်အထိ ကလေးများ၏မိသားစုများအတွက် မိခင်နှင့် ကလေးကျန်းမာရေးဆိုင်ရာ ဖုန်းလိုင်းကို 24-နာရီလုံး ဖွင့်လှစ် ထားပါသည်။ ဤဝန်ဆောင်မှုအားရရှိရန် ကျေးဇူးပြုပြီး 13 22 29 သို့ခေါ်ဆိုပါ။

မိခင်နှင့် ကလေးကျန်းမာရေးနှင့်ပတ်သက်ပြီး ဘာသာပြန်ဆိုထားသည့် အချက်အလက်အား ကြည့်ရှုရန် -

http://www.education.vic.gov.au/childhood/professionals/health/Pages/translatedresources.aspx

## လူငယ်လူရွယ်များ

အသက် 10 နှစ်မှ 25 နှစ်အထိ လူငယ်လူရွယ်များအတွက် ကျောင်းများ၊ အလုပ်ရှာဖွေခြင်း၊ မိသားစုပြဿနာများနှင့် လူ့အသိုင်းအဝိုင်းထဲ ဝင်ဆံ့ပါဝင်မှု စသည့် နယ်ပယ်များတွင် ကူညီမှုများပြုပေးနိုင်ပါသည်။

အကယ်၍ တစ်စုံတစ်ဦးနှင့်စကားပြောရန်လိုအပ်သည်ဟု သင်ထင်ပါက Maroondah လူငယ်အဖွဲ့ဝင်တစ်ဦးနှင့် ရုံးဖွင့်ချိန်အတွင်း (နံနက် 8.30 မှ ညနေ 5 နာရီ ၊ တနင်္လာနေ့ မှ သောကြာနေ့အထိ) 9294 5704 မှတစ်ဆင့် သင် ပြောဆိုနိုင်ပါသည်။

ကြာသပတေးနေ့ မွန်းလွဲပိုင်းများတွင် ပြုလုပ်လေ့ရှိသည့် EV ၏ လူငယ်စင်တာ အတူလျှောက်လည်မှု (EV's Youth Centre Hangout) သို့ သွားရောက်ပြီး ဘိလိယက်၊ PlayStation ၊ ဂိမ်းများ စသည်တို့ ကစားခြင်း၊ သီချင်းနားထောင်ခြင်း၊ အခမဲ့ဝိုင်ဖိုင်ဖြင့် လက်ဆွဲကွန်ပြူတာ အသုံးပြုခြင်း သို့မဟုတ် လူငယ်ဝန်ထမ်းနှင့်စကားစမြည်ပြောခြင်းများတို့ကိုလည်း သင် ပြုလုပ်နိုင်ပါသည်။

လူငယ်လူရွယ်များအတွက် ထောက်ပံ့မှုများရှာဖွေရာတွင် မိဘများနှင့် စောင့်ရှောက်မှုပြုသူများကိုလည်း ကျွန်ုပ်တို့ ကူညီမှုပေးနိုင်ပါသည်။

လူငယ်လူရွယ် ဝန်ဆောင်မှုများ အစီအစဉ်များတွင် ပါဝင်သည့် အခြားသောအရာများမှာ -

**Maroondah L2P အစီအစဉ် (ယာဉ်မောင်းခြင်း အတွေ့အကြုံ သင်သူအတွက်)**
ဤအခမဲ့အစီအစဉ်သည် Maroondah တွင် နေထိုင်သည့် အသက် 16-20 အထိ လူငယ်များအား ယာဉ်မောင်းသင်လိုင်စင်တစ်ခုအား ရရှိစေရန် လိုအပ်သော အချိန် 120 နာရီ ယာဉ်မောင်းခြင်းလေ့ကျင့်မှုအား ရရှိနိုင်ရန်အတွက် ကူညီပေးပါသည်။

**စေတနာ့ဝန်ထမ်းနှင့် လုပ်ငန်းဆိုင်ရာအတွေ့အကြုံ အခွင့်အရေးများ**
Maroondah မြို့တော်ကောင်စီ၌ လုပ်ငန်းအတွေ့အကြုံ၊ ကျောင်းသား လက်တွေ့အလုပ်ဆင်းခြင်း နှင့် စေတနာ့ဝန်ထမ်း စသည့်အခွင့်အရေးများ ကို ရရှိနိုင်ပါသည်။

စေတနာ့ဝန်ထမ်း နှင့် လုပ်ငန်းအတွေ့အကြုံနှင့်ပတ်သက်သည့် အကြောင်းအား ထပ်မံဖတ်ရှုရန် -

https://maroondahjobs.nga.net.au/cp/index.cfm

## သက်ကြီးသူများနှင့် မသန်စွမ်းသူများ ဝန်ဆောင်မှု

### သက်ကြီးသူများ

အားနည်းသော သက်ကြီးသူများနှင့် ၎င်းတို့၏ စောင့်ရှောက်မှုပြုပေးသူများအား ပံ့ပိုးကူညီရန် ကျွန်ုပ်တို့၌ ဝန်ဆောင်မှုများ အမျိုးမျိုး ရှိပါသည်။

နေ့စဉ်လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရာတွင် ကျွန်ုပ်တို့ ကူညီမှုပေးနိုင်ပြီး ဆက်လက်ပြီး လွတ်လွတ်လပ်လပ်နေရန် အပြင် သင့် ကိုယ်ပိုင်နေအိမ် နှင့် လူ့အသိုင်းအဝိုင်းထဲတွင် ပိုမိုကြာမြင့်စွာ နေထိုင်ရန် ကျွန်ုပ်တို့ကူညီမှုပေးနိုင်ပါသည်။

ပါဝင်သည့် ပံ့ပိုးစီစဉ်ပေးသော ဝန်ဆောင်မှုများမှာ -

- **အစားအစာ ဝန်ဆောင်မှုများ** (စားစရာများအား အိမ်တိုင်ရာရောက်ပေးပို့ပေးခြင်း)
- **အိမ်တွင်း ကူညီမှု** (အခြေခံ သန့်ရှင်းရေး နှင့် ဈေးဝယ်ခြင်း (ပြုစုထားသည့်စာရင်းထဲမှ) နှင့် သို့မဟုတ် အခြေခံ အစားအစာ ပြင်ဆင်ပေးခြင်း)
- **ကိုယ်ရေးဆိုင်ရာ စောင့်ရှောက်မှု** (ရေချိုးခြင်း၊ အဝတ်အစား ဝတ်ဆင်ခြင်း သို့မဟုတ် ပြင်ဆင်ခြယ်သပေးခြင်း)
- **တစ်ဦးချင်းစီအတွက် ကူညီပံ့ပိုးခြင်း** (လုပ်ရှားမှုများတွင် အဖော်အဖြစ်ပါဝင်လုပ်ဆောင်ခြင်း၊ ဥပမာ ရက်ချိန်းများသို့ သွားရောက်ခြင်း)
- **အနားပေးသည့် စောင့်ရှောက်မှု** (စောင့်ရှောက်မှုပြုပေးသူများအတွက် အားလပ်ချိန်ယူစေခြင်း)
- **ပစ္စည်းဥစ္စာ ထိန်းသိမ်းခြင်း** (အသေးအမွှားသော နေအိမ် ထိန်းသိမ်းမှု လုပ်ငန်းများ)
- **အသက်မွေးမှု လုပ်ငန်းဆိုင်ရာ ကုထုံး** (လုံခြုံအန္တရာယ်ကင်းရေးဆိုင်ရာ ချင့်ချိန်အကဲဖြတ်မှုများ၊ သင့်နေအိမ်၌ အသုံးအဆောင် ပစ္စည်းများအား စမ်းသပ်စစ်ဆေးခြင်း)
- **နေအိမ်ပြုပြင်မွမ်းမံခြင်း** (ဆင်ခြေလျှောလမ်းများ နှင့် ရေပန်းအခန်းလက်ကိုင်တန်းများ ပြုလုပ်ခြင်း)
- **လူမှုရေးဆိုင်ရာအဖွဲ့များ** (အဖွဲ့လိုက် လုပ်ရှားမှုများ၊ စကားပြော ဧည့်သည်များ၊ ဖျော်ဖြေသူများ)
- **လူမှုရေးဆိုင်ရာတွင် ပါဝင်ခြင်း** (လစဉ် အပြင်ထွက်ခြင်း၊ ဒေသတွင်းရှိ စာကြည့်တိုက်များ နှင့် ကုန်တိုက်များသို့ ဈေးဝယ်ထွက်ခြင်း)

အခကြေးများသည် အောက်ပါတို့အပေါ်တွင် အခြေခံပါသည် -

- သင် တောင်းဆိုသည့် ဝန်ဆောင်မှုများ
- သင့် ဝင်ငွေ
- သင့် ပေးချေနိုင်စွမ်း (သင့် ပေးချေနိုင်စွမ်းမရှိပာ စစ်ဆေးသတ်မှတ်ထားလျှင်လည်း ဝန်ဆောင်မှုများအား ဆက်လက်ကမ်းလှမ်း ပေးသည်)။

ဤဝန်ဆောင်မှုများအား ရရှိနိုင်ရန်နှင့် သင့်အရည်အချင်းပြည့်မှီမှု သိရှိနိုင်ရန် **1800 836 799** သို့ သင်ခေါ်ဆိုနိုင်သည် သို့မဟုတ် My Aged Care ဝက်ဘ်ဆိုက်ဒ်တွင် ကြည့်ရှုပါ -

http://www.myagedcare.gov.au

### မသန်စွမ်းသော လူငယ်လူရွယ်များ

တစ်ဦးတည်းလွတ်လပ်စွာနေထိုင်နိုင်ရန် အခက်အခဲဖြစ်သူ မသန်စွမ်းလူငယ်များအတွက် ပံ့ပိုးကူညီမှုအား စီစဉ်ပေးပါသည်။ ဝန်ဆောင်မှုများ သည် အတန်အသင့်၊ ပြင်းထန်စွာ သို့မဟုတ် အကြီးအကျယ် မသန်စွမ်းဖြစ်သည့် လူငယ်များအတွက် နှင့် မိမိတို့၏ လစာမရှိသော စောင့်ရှောက်မှုပြုပေး

သူများအတွက် ရည်ရွယ်ထားပြီး ကျန်းမာသန်စွမ်းမှုနှင့် တစ်ဦးတည်းလွတ်လပ်စွာ နေထိုင်နိုင်မှုတို့အား အထောက်အကူ ပေးမြှင့်တင်သွားရန် ရည်ရွယ်ပါသည်။

ပံ့ပိုးစီစဉ်ထားသည့် ဝန်ဆောင်မှုများတွင် ပါဝင်သည်များမှာ -

- ရေချိုးခြင်း နှင့် အဝတ်အစားဝတ်ဆင်ခြင်း
- အစားအစာ ပြင်ဆင်ခြင်း
- အသက်မွေးမှု လုပ်ငန်းဆိုင်ရာ ကုထုံး
- ဘေးကင်းလုံခြုံမှုရှိသည့် နေအိမ်ပတ်ဝန်းကျင်တစ်ခု ဖန်တီးခြင်း။

အခကြေးများသည် အောက်ပါတို့အပေါ်တွင် အခြေခံပါသည် -

- သင် တောင်းဆိုသည့် ဝန်ဆောင်မှုများ
- သင့် ဝင်ငွေ
- သင့် ပေးချေနိုင်စွမ်း (သင့် ပေးချေနိုင်စွမ်းမရှိဟု စစ်ဆေးသတ်မှတ်ထား လျှင်လည်း ဝန်ဆောင်မှုများအား ဆက်လက်ကမ်းလှမ်းပေးသည်)။

ဤဝန်ဆောင်မှုများအား ရရှိနိုင်ရန်နှင့် သင့်အရည်အချင်းပြည့်မီမှု ရှိမရှိ သိရှိနိုင်ရန် ကျေးဇူးပြုပြီး **9294 5729** သို့ ခေါ်ဆိုပါ။

## မသန်စွမ်းသူများ ယာဉ်ရပ်နားခြင်း ခွင့်ပြုချက်များ

အကယ်၍ သင့်သည် မသန်စွမ်းဖြစ်ခဲ့လျှင် အထူး ယာဉ်ရပ်နားခြင်း သီးသန့်နေရာအကွက်အကန့် သို့မဟုတ် သာမန်ယာဉ်ရပ်နား ခြင်းနေရာတွင် အချိန်ပိုမိုကြာမြင့်စွာ ရပ်နားနိုင်ရန်အတွက် ခွင့်ပြုချက်အား သင် လျှောက်တင်နိုင်ပါသည်။

ခွင့်ပြုချက် အမျိုးအစားနှစ်မျိုး ရှိပါသည် -

**အပြာရောင် (အဆင့် 1) ခွင့်ပြုချက်**
ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းဖြစ်နေသူ သို့မဟုတ် သိသာအရေးပါသော အသိဉာဏ်ဆိုင်ရာ မသန်စွမ်းဖြစ်နေသူများအတွက် ဤခွင့်ပြုချက်သည် သင့်အား မသန်စွမ်းသူ ယာဉ်ရပ်နားရာနေရာအကွက်၌ ယာဉ်ရပ်နားရန် ခွင့်ပြုချက်ပေးပါသည်။

**အစိမ်းရောင် (အဆင့် 2) ခွင့်ပြုချက်**
အနားယူရန် အားလပ်ချိန် အမြဲတမ်းလိုအပ်သည့် မသန်စွမ်းဖြစ်သူများဖြစ်၍ ယာဉ်ဝင်ပေါက်နှင့်ထွက်ပေါက်အတွက် နေရာပိုလိုအပ်ခြင်း မဟုတ်သူများအတွက် ဤခွင့်ပြုချက်သည် သာမန်ယာဉ်ရပ်နားခြင်းနေရာတွင် ယာဉ်ရပ်နားခြင်းနေရာအကွက်အကန့်အနား၌ ပြသထားသည့် သတ်မှတ်ချိန်အမှတ်အသားထက် နှစ်ဆပိုပြီးအချိန်ကြာ ရပ်နားရန် ခွင့်ပြုချက်ပေးပါသည်။

ခွင့်ပြုချက်အတွက် သင် လျှောက်ထားသည့်အခါ လျှောက်လွှာကို သင့် ဆရာဝန်မှလည်း ဖြည့်စွက်ပေးခြင်း ရှိရပါမည်။

## ကာကွယ်ဆေးထိုးခြင်း

ကာကွယ်ဆေးထိုးခြင်းသည် လူတို့အား ရောဂါများစွဲကပ်ခြင်းမှ ထိရောက်မှုရှိစွာ လုံခြုံမှုပေးခြင်းနှင့် ကာကွယ်မှုနည်းလမ်းဖြစ်ပါသည်။

အသက် 10 နှစ်အောက် ကလေးများအားလုံး နှင့် အရည်အချင်းပြည့်မီသော အရွယ်ရောက်သူများအတွက် အခမဲ့ကာကွယ်ဆေး ထိုးခြင်း ဝန်ဆောင်မှုအား ကောင်စီမှစီစဉ်ဖွင့်လှစ်ထားပါသည်။ သင်သည် အရည်အချင်းပြည့်မီသည့် အရွယ်ရောက်သူတစ်ဦး ဟုတ်၊မဟုတ် သိရှိနိုင်ရန် ကာကွယ်ဆေးထိုးခြင်း အဖွဲ့သို့ **1300 88 22 33** မှတဆင့် ဆက်သွယ်ပါ။

ရရှိနိုင်သော ကာကွယ်ဆေးများကို ဤနေရာတွင် သင် တွေ့ရှိနိုင်ပါသည် -

https://www.maroondah.vic.gov.au/Immunisation

အကယ်၍ သင်သည် ဩစတြေးလျသို့ မကြာသေးမီက ပြောင်းရွှေ့လာသူတစ်ဦးဖြစ်ခဲ့ပါက သင့် ကလေး၏ ကာကွယ်ဆေးထိုးထားခြင်းများသည် ဩစတြေးလျ၏ နောက်ဆုံးသတ်မှတ်ထားသော ကာကွယ်ဆေးထိုးခြင်း မှတ်တမ်းများနှင့် ကိုက်ညီမှု ရှိမရှိအား ကျွန်ုပ်တို့ စစ်ဆေးမှု ပြုပေးနိုင်ပါသည်။

အကယ်၍ သင့်ကလေးသည် ကာကွယ်ဆေးထိုးရန်လိုအပ်ပါက သင့် ကလေးမှ မထိုးရသေးသည့် ကာကွယ်ဆေးအား ဇယားကွက်ထဲတွင် ဖြည့်စွက်နိုင်ရန် ကျွန်ုပ်တို့ ကူညီပေးနိုင်ပါသည်။

သင့် ကလေး၏ကာကွယ်ဆေးအခြေအနေနှင့်ပတ်သက်ပြီး Centrelink နှင့် အခက်အခဲတစ်စုံတစ်ရာရှိခဲ့ပါက သင့် ကလေး အချိန်နှင့်တပြေးညီ ကာကွယ်ဆေးထိုးပြီးမပြီး ဩစတြေးလျနိုင်ငံ ကာကွယ်ဆေးထိုးခြင်းဆိုင်ရာ မှတ်ပုံတင်ဌာနနှင့် ကျွန်ုပ်တို့ တိုက်စစ်ဆေးမှုပြုပေးနိုင်ပါသည်။

Maroondah တွင် ကာကွယ်ဆေးထိုးခြင်းနှင့်ပတ်သက်ပြီး နောက်ထပ်သောအချက်အလက်များအတွက် **1300 88 22 33 သို့ ဖုန်းခေါ်ဆိုပါ။**

### အားလပ်ချိန် ထောက်ပံ့ပစ္စည်းများ

Maroondah တွင် အားလပ်ချိန် ထောက်ပံ့ပစ္စည်းများ အမျိုးမျိုးရှိသည်။ ၎င်းတို့မှာ -

- Aquanation (ကျန်းမာရေးလေ့ကျင့်မှု၊ ရေကန်၊ အဖွဲ့လိုက် ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်း)
- Aquahub (ကျန်းမာရေးလေ့ကျင့်မှု၊ ရေကန်၊ အဖွဲ့လိုက် ကျန်းမာကြံ့ခိုင်ရေးလေ့ကျင့်ခန်း)
- Croydon Memorial Pool (ရေကန်)
- Dorset Golf (ဂေါက်)
- Ringwood Golf (ဂေါက်)
- The Rings (အားကစားရုံအတွင်း)
- Maroondah Nets

### ရေကူးခြင်း သင်ခန်းစာများ

Aquanation နှင့် Aquahub တွင် ကလေးများနှင့် အရွယ်ရောက်သူများ နှစ်မျိုးစလုံးအတွက် ရေကူးခြင်း သင်တန်းများ ရှိပါသည်။ သင်ခန်းစာများသည် အသက်အရွယ်များအားလုံးနှင့် စွမ်းဆောင်နိုင်မှုအမျိုးမျိုးရှိသူများအတွက် သင့်တော်အောင်ဆောင်ရွက်ထားပြီး၊ စတင်သူ၊ အလယ်အလတ် နှင့် အဆင့်မြင့် သင်တန်းများလည်းရှိပါသည်။

### အသင်းဝင်များ

Maroondah Leisure တွင် အသင်းဝင် အမျိုးမျိုး ရှိပါသည် -

ဝက်ဘ်ဆိုက် - https://www.maroondahleisure.com.au/Memberships တွင် ပိုမိုကြည့်ရှုပါ။ Maroondah ၏ မည်သည့် အားလပ်ချိန် စင်တာများမဆိုသို့ တစ်ခါတစ်ရံ လာရောက် အသုံးပြုခြင်းများအတွက်လည်း လက်ခံကြိုဆိုလျက်ရှိပါသည်၊ သို့သော် ထိုလာရောက်သည့်အကြိမ်များအတွက် အခကြေးများအား ပေးဆောင်ရပါလိမ့်မည်။

အသင်းဝင်များနှင့် အမြဲတမ်းမဟုတ်သောစနစ်ဖြင့် အသုံးပြုခြင်းဈေးနှုန်းများ အကြောင်းတို့နှင့်ပတ်သက်၍ ထပ်မံရှာဖွေပိုမိုသိရှိရန် စင်တာများသို့ ဖုန်း ဆက်ပါ -

- **Aquanation** - 9298 4600
- **Aquahub** - 9294 5500
- **Croydon Memorial Pool** - 9294 5630
- **Ringwood Golf** - 9298 4500
- **Dorset Golf** - 9294 5555
- **The Rings** - 9298 4487
- **Maroondah Nets** - 9298 4535

## သင့် နေအိမ် နှင့် ပစ္စည်းဥစ္စာများ

### တိရစ္ဆာန်များ

### တိရစ္ဆာန် မှတ်ပုံတင်စာရင်းသွင်းခြင်း

ခွေးများနှင့် ကြောင်များအားလုံးကို အသက် 3 လအရွယ်တွင် ကောင်စီ၌ မှတ်ပုံတင်စာရင်းသွင်းရပါမည်။ သင့်အိမ်မွေး တိရိစ္ဆာန်အား အွန်လိုင်းမှတဆင့် သို့မဟုတ် ကောင်စီ၏ဝန်ဆောင်မှုစင်တာတစ်ခုခု၌ လူကိုယ်တိုင်အားဖြင့် သင် မှတ်ပုံတင်စာရင်းသွင်းနိုင်ပါသည်။ တိရိစ္ဆာန် မှတ်ပုံတင်စာရင်းသွင်းခြင်း အခကြေးများသည် တိရိစ္ဆာန်များ အပေါ် အခြေခံပါသည်။

အကယ်၍ သင့် အိမ်မွေး တိရိစ္ဆာန်အား သင် မှတ်ပုံတင်စာရင်းသွင်းခြင်း မပြုခဲ့ပါက ဒဏ်ငွေဆောင်ရနိုင်ပါသည်။

## ခွင့်ပြုထားသည့် အိမ်မွေး တိရိစ္ဆာန်အရေအတွက်

သင့် ပိုင်ဆိုင်မှုပစ္စည်းဥစ္စာအဖြစ် အိမ်မွေး တိရိစ္ဆာန်အရေအတွက် ထားရှိနိုင်သည့်အပေါ်တွင် စည်းကမ်းများရှိပါသည်။

အကယ်၍ သင့်တွင် ခွေး 2 ကောင် နှင့်/သို့မဟုတ် ကြောင် 2 ကောင်ထက် ပိုရှိခဲ့ပါက ခွင့်ပြုချက်ကို သင် ရယူရပါမည်။ Maroondah တွင် ပုံမှန်နေထိုင်ရန်အိမ်အဆောက်အအုံ၌ အောက်ပါ တိရိစ္ဆာန်များ ကို ခွင့်မပြုပါ -

- ကြက်
- ငှက်အကြီး
- မြင်း
- မြည်း
- ကျွဲနွား
- သိုး
- ဆိတ်
- ဝက်
- စိုက်ပျိုးမွေးမြူရေးခြံမှ အခြားသော တိရိစ္ဆာန်များ မှန်သမျှ

## အိမ်အပြင်ဘက်၌ မီးဖိုခြင်း နှင့် မီးရှို့ခြင်း

အောက်ပါအချက်များ နှင့်ညီညွတ်လျှင် အိမ်အပြင်ဖက်၌ မီးအသုံးပြုခွင့်ရှိသည် -

- လူများသုံးဆောင်ရန် ချက်ပြုတ်ခြင်းအတွက်အသုံးပြုသည့် အသားကင်မီးဖို နှင့်
- အိမ်အပြင်ဘက် အပူဓာတ်ရရန်အတွက် ဘေးကင်းမှုရှိသော ကိရိယာအား စနစ်တကျတပ်ဆင်ထားခြင်း နှင့်
- အိမ်နီးချင်းအဆောက်အအုံများအား အနှောင့်အယှက်မဖြစ်စေရန် သင့်လျော်စွာဖြင့် ထားရှိခြင်း၊ စီမံခြင်း။

အထက်ပါစံများနှင့် လိုက်လျောညီထွေမှုမရှိပါက အိမ်အပြင်ဘက်၌ မီးဖိုခြင်းများအား ခွင့်မပြုပါ။

## မီးရှို့ခြင်း

သင့် အိမ်နေရာသည် 10,000 m2 (1 ဟက်တာ) ထက် မကျယ်ဝန်းပါက မီးရှို့ရန် ခွင့်မပြုပါ။ တစ်စုံတစ်ရာကို သင် မီးရှို့ခြင်းမပြုမှီ ခွင့်ပြုချက်အတွက် သင် လျှောက်ထားရပါမည်။ ခွင့်ပြုချက်ကိုင်ဆောင်ထားခြင်းမရှိဘဲ မီးရှို့ခြင်းပြုပါက ဒဏ်ငွေအများဆုံးမှာ $2,000 ဒေါ်လာ ဖြစ်ပါသည်။

## စွန့်ပစ်ပစ္စည်းများ ကောက်သိမ်းခြင်း

### အမှိုက် ကောက်သိမ်းခြင်း

သင့် အမှိုက်များကို naturestrip မှ အပတ်စဉ်တိုင်း ကောက်သိမ်းပေးပြီး ပြန်လည်အသုံးပြုနိုင်သောအရာများ၊ အစားအစာများနှင့် ဥယျာဉ်ခြံအတွက် သဘာဝမြေသြဇာဖြစ်အရာများကို ရက်သတ္တပတ်အလိုက် အလှည့်ကျစီ ကောက်သိမ်းပေးပါသည်။

## အမှိုက်ပုံး (အဖုံးအနီရောင်)

**စွန့်ပစ်ရန် လက်ခံသည့် အရာများ** -

- အမှိုက်သရိုက်
- ကလေး အနှီးစများ
- ကြွေထည်မြေထည်များ
- အသားနှင့် အစားအစာ စားကြွင်းစားကျန်များ (အိတ်ဖြင့် သို့မဟုတ် အထုပ်ဖြင့်)
- ပြတင်းပေါက်ဖန်ထည်၊ မှန်များ၊ မီးသီးများ (ဘေးအန္တရာယ်ကင်းရေးအတွက် လုံခြုံစွာထုပ်ထားရပါမည်)
- ပလတ်စတစ်အိတ်များ နှင့် အပူထိန်းပလတ်စတစ်ဖော့မြှု

**စွန့်ပစ်ရန် လက်မခံသည့် အရာများ** -

- ပြန်လည်အသုံးပြုနိုင်သောအရာများ

- ပြာမှုန့်အပူ
- ဓါတုပစ္စည်းများ
- ဥယာဉ်ခြံအတွက် သဘာဝမြေသြဇာဖြစ်အရာများ
- ဆေးထိုးအပ်များ
- အရည်များ
- ဆောက်လုပ်ရေးပစ္စည်းများ
- အုတ်များ၊ မြေဆီ သို့မဟုတ် အုတ်ကျိုးအုတ်ပဲ့။

## ပြန်လည်အသုံးပြုနိုင်သောအရာများအမှိုက်ပုံး (အဖုံးအပြာရောင်)

**စွန့်ပစ်ရန် လက်ခံသည့် အရာများ** -

- ဖန်ပုလင်းများ နှင့် ဖန်ဗူးများ
- နွားနို့ နှင့် ဖျော်ရည် ကတ်ထူဘူးများ
- ဒန်သတ္တု နှင့် သံမဏိစည်သွပ်ဗူးများ
- လေသန့်ဆေးရည် နှင့် သတ္တုလွှာ
- သတင်းစာများနှင့် မဂ္ဂဇင်းများ
- ပျက်စီးသော ကတ်ထူပြားသေတ္တာများ နှင့် မွှန်းထားသည့် စက္ကူများ
- ပလတစ်စတစ်ပုလင်းများ နှင့် ကုန်သေတ္တာများ။

**စွန့်ပစ်ရန် လက်မခံသည့် အရာများ -**

- ပလတ်စတစ်ဖော့ဖြူ အမြှုပ်
- ပန်းကန်ခွက်ယောက်
- ဖန်ပန်းပြား၊ ဖန်မီးသီးများ၊ ဖန်ခွက်များ သို့မဟုတ် မှန်များ
- အစားအစာ စားကြွင်းစားကျန်များ
- အရွက်စိမ်းအမှိုက်များ
- အိမ်တွင်းအမှိုက်သရိုက်များ
- ပလတ်စတစ်အပျော့များ (ကုန်ထုတ်ပိုးသည့်ကပ်တွယ်သောပလတ်စတစ်၊ ပလတ်စတစ်အိတ်များ သို့မဟုတ် ကတ်ထူးဘူးအပဲ့များ)
- ဆေးဝါး၊ ဓါတုပစ္စည်း သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေသည့် အမှိုက်များ။

## • အစားအစာနှင့် ဥယျာဉ်ခြံအတွက် မြေသြဇာဖြစ်အရာများအမှိုက်ပုံး (အဖုံးအစိမ်းနရောင်)

**စွန့်ပစ်ရန် လက်ခံသည့် အရာများ** -

- အသားနှင့် အစားအစာ စားကြွင်းများ
- ဖြတ်ညှပ်ထားသည့် မြက်ပင် နှင့် ပေါင်းပင်
- သစ်ခက်သစ်ကိုင်းများ နှင့် သစ်တုံးများ
- ဥယျာဉ် ညှပ်တိထားသည်များ
- သစ်ရွက်များ။

**စွန့်ပစ်ရန် လက်မခံသည့် အရာများ -**

- ပလတ်စတစ်အိတ်များ
- ပန်းအိုးများ
- ဆေးထိုးအပ်များ
- အုတ်များ သို့မဟုတ် အုတ်ကျိုးအုတ်ပဲ့များ
- သဲ သို့မဟုတ် ဖုန်မှုန့်
- အိမ်တွင်းအမှိုက်သရိုက်များ သို့မဟုတ် အစားအစာ စားကြွင်းစားကျန်များ
- သစ်တုံးအကြီးများ သို့မဟုတ် သစ်ငုတ်တိုများ
- စီးပွားဖြစ်စီးပွားရေးလုပ်ငန်းမှ ပစ္စည်းများ။

### မာကျောသည့် အမှိုက်များနှင့် သစ်ကိုင်းခြောက်များအတွက် ကောက်သိမ်းခြင်း ဝန်ဆောင်မှု

နေထိုင်သူများသည် ဘဏ္ဍာရေးခုနှစ်တစ်နှစ်စီအတွက် မာကျောသည့်အမှိုက် ကောက်သိမ်းခြင်း နှစ်ကြိမ်ကိုနှစ်စဉ် ပစ်ထုတ်ခွင့်ရှိသည်။ သင့်အမှိုက်အား သိမ်းကောက်ရန် သင် မပစ်ထုတ်မီ မာကျောသည့်အမှိုက်ပစ်ထုတ်ရန် သင် ကြိုတင်စာရင်းပေးရပါမည်။

သင့်အမှိုက်ကောက်သိမ်းခြင်းအတွက် အွန်လိုင်း သို့မဟုတ် 1300 88 22 33 သို့ဖုန်းခေါ်ဆိုခြင်းဖြင့် သင် ကြိုတင်စာရင်းပေးနိုင်ပါသည်။

စာရင်းပေးသွင်းမှုများကို ဖျက်သိမ်းခြင်း သို့မဟုတ် ပြောင်းလဲခြင်း များ မပြုလုပ်နိုင်ပါ။

**မာကျောသည့် အမှိုက်သရိုက်တွင် စွန့်ပစ်ရန် လက်ခံသည့် အရာများ -**

- အဝတ်လျှော်စက်များ၊ မီးဖိုများ၊ လေမှုတ်စက်များ၊ ရေခဲသေတ္တာများနှင့် ရေခဲခံသေတ္တာများ (တံခါးဖြုတ်ထားရမည်)
- လျှပ်စစ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ
- ကိရိယာနှင့် တန်ဆာပလာ
- မြက်ဖြတ်စက်များ (ဓါတ်ဆီ နှင့် ရေနံဆီ များထုတ်ထားရမည်)
- ဆေးကုန်သွားသည့်ဆေးသုတ်ပူးများ (အဖုံးများဖွင့်ထားရပါမည်)
- မွေ့ရာများ (အများဆုံး 3 ခု၊ အခြားအရာများမှ သီးသန့် ဖယ်ရှားထားပါ)
- အိမ်တွင်းသုံး ပရိဘောဂ နှင့် မီးဖိုဆောင်သုံး ပစ္စည်းများ
- အတွင်းပိုင်းတံခါးများ (အများဆုံး 3 ခု)
- ကော်ဇော နှင့် အောက်ခံအလွှာအခင်း
- သစ်သားပျဉ် (10 စ၊ သံချွန်များ သို့မဟုတ် ချုပ်စက်အပ်၊ အများဆုံးအရှည် 1.5 မီတာ)
- စားပွဲပေါ်တင် သို့မဟုတ် ကော်ဖီစားပွဲပေါ်တင် ဖန်ပြား (လုံခြုံစွာထုပ်ထားပြီး စာတန်းရေးတပ်ထားပါ)

**မာကျောသည့် အမှိုက်သရိုက်တွင် စွန့်ပစ်ရန် လက်မခံသည့် အရာများ** -

- 1.5 မီတာထက်ရှည်သောအရာမှန်သမျှ (မွေ့ရာများ၊ ညှော်ခန်းပရိဘောဂအသုံးအဆောင်များ နှင့် ကြီးမားသော ပရိဘောဂများမှလွဲ၍)
- လူနှစ်ဦးတည်း မ၍ မရနိုင်သည့်အရာများ
- ပလတ်စတစ်ထဲထည့်ထားသည့်အရာများ (အိမ်တွင်းသုံး အမှိုက်သရိုက်များအပါအဝင်)
- ဥယာဉ်မှ အမှိုက်သရိုက်များ
- ဓါတ်ငွေ့ဘူးများ နှင့် မီးသတ်ဘူးများ
- ဆောက်လုပ်ရေး အမှိုက်သရိုက်များ (အုတ်များ၊ ဘိလပ်မြေ၊ အုတ်ကြွပ်ပြား၊ ကျောက်ပြားများ၊ အုတ်ကျိုးအုတ်ပဲ့များ ၊ မြေဆီ၊ ပဲလတ်ပြားများ၊ ကာကွယ်မှုဝတ္ထုပစ္စည်း၊ ဘိလပ်မြေအပြား နှင့် မျက်နှာကြက်ချပ်ပြား)
- အညစ်အကြေးအရည်၊ ဓါတုပစ္စည်းများ နှင့် ဘေးအန္တရာယ်ဖြစ်စေသည့် အမှိုက်များ
- အရည်ပါရှိသည့် ဆေးသုတ်ပူးများ သို့မဟုတ် ဓါတ်ဆီပူးများ
- ခြံစည်းရိုး ပစ္စည်းများ (ဝင်းတံခါးပေါက် အပါအဝင်)
- ယာဉ်အစိတ်အပိုင်းများ (တာယာများ၊ ဘီးများ၊ ဘီးခွေများ၊ ကားကိုယ်ထည်အစိတ်အပိုင်းများ၊ ဘက်ထရီများ နှင့်  အင်ဂျင်စက်များ အပါအဝင်)
- ပြူတင်းပေါက်မှန်၊ မှန်များ နှင့် ရေချိုးခန်းအကာ ဖန်ထည်များ

## ခွင့်ပြုချက်များ

### ဆောက်လုပ်ရေး ခွင့်ပြုချက်များ

ဆောက်လုပ်ရေး ခွင့်ပြုချက်များသည် သင့် လုပ်ဆောင်မှုများအား စည်းကမ်းများအတိုင်း လိုက်နာမှုရှိကြောင်း သေချာစေပါသည်။

နေထိုင်သည့်အဆောက်အအုံပေါ်တွင် ဆောက်လုပ်ရေးများ၊ ပြောင်းလဲခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်းအလုပ်များအတွက် ဆောက်လုပ်ရေးခွင့်ပြုချက်ရှိရန် အများစုလိုအပ်သည်။ အကယ်၍ သင့်အလုပ်သည် ခွင့်ပြုချက်ရှိရန် လိုအပ်ခဲ့ပါက သင့်စီမံကိန်း **မစတင်မီ**  ကောင်စီထံမှ ခွင့်ပြုချက်ရယူရပါမည်။

### နေထိုင်ရာအိမ်မြေကွက်တွင် တိုက်ခန်းများ ဆောက်လုပ်ခြင်း

နေထိုင်ရာအိမ်မြေကွက်ပေါ်တွင် သင် တိုက်ခန်းများ ဆောက်လုပ်လိုပါက ကောင်စီထံမှ ခွင့်ပြုချက်ကို သင် လျှောက်ထားရပါမည်။

သင့် နေထိုင်ရာအိမ်မြေကွက်သည် တိုးချဲ့မှုအတွက် သင့်လျော်မှု ရှိမရှိ သိရှိရန် အောက်ပါအချက်များကို ကြည့်ရှုပါ -

- သင့် နေထိုင်ရာအိမ်မြေကွက်အပေါ် ကန့်သတ်ချက်များ၊ လွတ်ငြိမ်းချမ်းသာခွင့်များ ၊ ပဋိညာဉ်စာချုပ်များ  သို့မဟုတ် သဘောတူစာချုပ်များ

- သင့် နေထိုင်ရာအိမ်မြေကွက်အား ထိခိုက်မှုဖြစ်စေနိုင်သည့် စီမံကိန်းဖုံများ နှင့် အပေါ်ယံအလွှာများ။

အကယ်၍ သင့် နေထိုင်ရာအိမ်မြေကွက်အား တိုးချဲ့မှုမပြုနိုင်ခဲ့ပါက စီမံကိန်း လျှောက်ထားခြင်းနှင့် ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းစဉ်များ တွင် အကူအညီပေးရန်အတွက် ဗိသုကာဆရာများ၊ မူကြမ်းရေးဆွဲပေးသူ သို့မဟုတ် စီမံကိန်းအကြံပေးပုဂ္ဂိုလ်များ တို့အား ဆက်သွယ်မှုပြုရန် ကျွန်ုပ်တို့ အကြံပြု တိုက်တွန်းလိုပါသည်။

သင့် နေထိုင်ရာအိမ်မြေကွက်၏ အစီရင်ခံတင်ပြချက်အား ဒေါင်းလုတ် လုပ်ရန် -

http://www.land.vic.gov.au

## ယာဉ်ဖြတ်ကူးခြင်း ခွင့်ပြုချက်

အသစ်သော ယာဉ်လမ်းဖြတ်ကူးခြင်း (ကား လမ်းမ ဟုလည်းခေါ်ပါသည်) အား ဆောက်လုပ်သည့်အခါ၊ နေရာပြောင်းသည့်အခါ သို့မဟုတ် ပြုပြင်မွမ်းမံသည့်အခါ ယာဉ်ဖြတ်ကူးခြင်း ခွင့်ပြုချက်ကို လိုအပ်သည်။

## သစ်ပင် ခုတ်ခြင်းဆိုင်ရာ ခွင့်ပြုချက်များ

Maroondah ရှိ နေထိုင်ရာအိမ်မြေယာများ အများစုတွင် သစ်ပင်များ ကာကွယ်မှုဆိုင်ရာ ထိန်းချုပ်မှု အစီအစဉ် ရှိပါသည်၊ ဆိုလိုသည်မှာ သင် နေထိုင်ရာအိမ်မြေကွက်ပေါ်ရှိ သစ်ပင်များ သို့မဟုတ် သဘာဝပေါက်ပင်များကို သင်ပြောင်းခုတ်လိုပါက ကောင်စီထံမှ ခွင့်ပြုချက်ကို သင် ရယူရပါမည်။

၎င်းအလွှာများအား အရေးပါသော ရှုခင်း အလွှာ (SLO) သို့မဟုတ် သဘာဝပေါက်ပင် ကာကွယ်မှု အလွှာ (VPO) ဟု ခေါ်ဆိုပါသည်။

သင် နေထိုင်ရာအိမ်မြေကွက်နေရာသည် (SLO) သို့မဟုတ် (VPO) ဧရိယာအတွင်း ရှိနေသည်၊မရှိနေသည် နှင့် ခုတ်ရန် ခွင့်ပြုချက် လိုသည်၊မလိုသည် စသည်တို့ကို သိရှိရန် 1300 88 22 33 သို့ ဖုန်းခေါ်ဆို ဆက်ပါ။

## ဆက်သွယ်ရေး စလောင်း ခွင့်ပြုချက်

သင့် နေထိုင်ရာအိမ်မြေကွက်ပေါ်တွင် ဆက်သွယ်ရေး စလောင်း တပ်ဆင်ခြင်းနှင့်ပတ်သက်ပြီး စည်းကမ်းသတ်မှတ်ချက်များရှိပါသည်။ အောက်ပါအချက်အလက်များနှင့်ကိုက်ညီပါက ဆက်သွယ်ရေး စလောင်း တပ်ဆင်ရန် ကောင်စီထံမှ ခွင့်ပြုချက်ကို မလိုအပ်ပါ -

- ဆက်သွယ်ရေး စလောင်း သည် 1.2 မီတာ အချင်းအောက်တွင် ဖြစ်ပါက
- 1.2 မီတာ နှင့် 2.4 မီတာ အကြားရှိ ဆက်သွယ်ရေး စလောင်း သည် နေထိုင်ရာအိမ်မြေကွက်အပြင်ဘက်တွင် ရှိမနေခြင်း နှင့် သင့် နေထိုင်ရာအိမ်မြေကွက်သည် အမွေအနှစ် အလွှာအောက်၌ ကာကွယ်ထိန်းသိမ်းထားခြင်းများ မရှိပါက။

အကယ်၍ သင့် ဆက်သွယ်ရေး စလောင်း သည် ထို သတ်မှတ်ချက်များအတွင်း ရှိမနေလျှင် ကောင်စီထံမှ သင် ခွင့်ပြုချက်လျှောက်ထားရန် လိုအပ်ပါသည်။

## ခြံစည်းရိုးများ

### ခြံစည်းရိုး ခွင့်ပြုချက်များ

သင့် ခြံစည်းရိုးများမှန်သမျှ၊ သင့် အိမ်ရှေ့ခြံစည်းရိုးအပါအဝင်တို့အား ပြောင်းလဲခြင်း သို့မဟုတ် ဆောက်လုပ်ခြင်းမပြုမီ ခွင့်ပြုချက်အတွက် သင် လျှောက် ထားရပါမည်။ ခွင့်ပြုချက် လိုအပ်သည်၊မလိုအပ်သည်ကို သိရှိရန် ကျွန်ုပ်တို့ထံသို့ 1300 88 22 33 မှတဆင့် ဆက်ပါ။

### ခြံစည်းရိုး အငြင်းပွားမှုများ

ခြံစည်းရိုး အက်ဥပဒေ ကို ကောင်စီမှ ကိုင်တွယ်ဖြေရှင်းပေးခြင်း **မပြုပါ**။ ခြံစည်းရိုးအသစ်ဆောက်လုပ်ခြင်း သို့မဟုတ် ရှိပြီးသားအား ပြုပြင်ထိန်းသိမ်းခြင်း ဆောက်လုပ်ရေးကြောင့် သင့် အိမ်နီးချင်းနှင့် သင် အငြင်းပွားမှုဖြစ်ပေါ်ပါက တရားရုံးရှေ့နေထံ သင် ဆက်သွယ်မှု ပြုသင့်ပါသည်။ ခြံစည်းရိုးအသစ်ဆောက်လုပ်ခြင်း ကုန်ကျစရိတ်ကို ယေဘုယျအားဖြင့် သင့် အိမ်နီးချင်းနှင့် တန်းတူညီမျှ ပေးဆောင်သင့်ပါသည်။

### ရေကူးကန် နှင့် ရေပူစမ်း လုံခြုံမှုခြံစည်းရိုး

ရေကူးကန်များနှင့် ရေနွေးကန်များအားလုံးတို့တွင် ကြီးကြပ်မှုမပါဘဲ ကလေးများ ဝင်ရောက်အသုံးပြုခြင်းများကို ရပ်တန့်ရန် လုံခြုံမှုအတွက်အကာအရံများ (ခြံစည်းရိုးများ) ပတ်ပတ်လည် ရှိသင့်ပါသည်။

လုံခြုံမှုအတွက်အကာအရံသည် ခြံစည်းရိုး၊ နံရံ၊ ဝင်းတံခါးပေါက်များ သို့မဟုတ် လိုက်ကာခန်းဆီး နှင့် တံခါးပေါက်များ၊  ဝင်းတံခါးများ၊ ပြတင်းပေါက်များ၊ သော့များ ၊ ပတ္တာများ နှင့် ယင်းတို့နှင့်ချိတ်ဆက်သည့် ကိုယ်ပိုင် အလိုအလျောက် ပိတ်ကိရိယာများ စသည်တို့ကို ဆိုလိုပါသည်။

ရေကူးကန်များနှင့် ရေနွေးကန် လုံခြုံမှုအတွက်အကာအရံများ အားလုံးတို့အား ဆောက်လုပ်ရာတွင် ဆောက်လုပ်ရေး ခွင့်ပြုချက်ရှိရန် လိုအပ်ပါသည်။

ရေကူးကန်များနှင့် ရေနွေးကန် လုံခြုံမှုအတွက်အကာအရံများ ပတ်ပတ်လည်ရှိကြောင်း သေချာစေရန် ကောင်စီက ရေကူးကန်နှင့် ရေနွေးကန်များကို နှစ်စဉ် စစ်ဆေးမှုပြုပါသည်။

သင့် ရေကူးကန်များ သို့မဟုတ် ရေနွေးကန် လုံခြုံမှုအတွက်အကာအရံများ ပတ်ပတ်လည် တည်ဆောက်ထားခြင်းကို သင် မပြုလုပ်ပါက ဒဏ်ငွေဆောင်ရနိုင်ပါသည်။

https://www.maroondah.vic.gov.au/Residents-property/Swimming-pool-and-spa-registration-and-fencing-compliance-requirements

## နေအိမ်မှ စီးပွားရေးလုပ်ငန်း လုပ်ဆောင်ခြင်း

အကယ်၍ သင့်နေအိမ်မှ စီးပွားရေးလုပ်ငန်း လုပ်ဆောင်ပါက ကောင်စီထံမှ စီမံကိန်းခွင့်ပြုချက်ကို သင် လျှောက်တင်ရန် လိုအပ်ပါလိမ့်မည်။

## ရေနုတ်မြောင်း နှင့် မုန်တိုင်းရေ

သင့် နေထိုင်ရာအိမ်မြေသတ်မှတ်မျဉ်းအတွင်း(နှင့်ယင်းမြောင်းများအားထိန်းသိမ်းပြုပြင်ခြင်း)၌ ရှိနေသည့် ရေနုတ်မြောင်းများ မှန်သမျှသည် နေထိုင်သူ၏ တာဝန်ဖြစ်ပါသည်။ ပုဂ္ဂလိက ရေနုတ်မြောင်းများမှန်သမျှ သို့မဟုတ် ရေပိုက်ဆက်သွယ်မှုစနစ်မှန်သမျှအတွက်  လက်မှတ်ရထား သူရေပိုက်သမားကိုသာ အသုံးပြုရန် ကောင်စီမှ အကြံပြုထောက်ခံထားပါသည်။

ကောင်စီအနေဖြင့် တရားဝင်ရေဝင်ပေါက်နေရာမှ ရေနုတ်မြောင်းအတွက် တာဝန်ရှိပါသည်။ တရားဝင်ရေဝင်ပေါက်နေရာသည် သင့်နေအိမ်မြေနေရာမှ ရေမြောင်းသို့ရောက်ရှိသည့် နေရာဖြစ်ပါသည်။ လမ်းမအောက် နှင့် လမ်းမတစ်လျှောက်ရှိ အချို့သောမုန်တိုင်း  ရေမြောင်းများ၊ ရေနုတ်မြောင်းနှင့် ဝန်ဆောင်မှုကျင်းများ၊ အဖုံးများ နှင့် မီးခံသံဘောင်များသည်လည်း  ကောင်စီ၏တာဝန်ဖြစ်ပါသည်။

ကောင်စီအရာရှိများသည် ရေမြောင်းအတွက် မည်သူ့၌တာဝန်ရှိသည်ကို ဆုံးဖြတ်ရာတွင်လည်း သင့်အား အကူအညီပေးနိုင်ပါလိမ့်မည်။ ကောင်စီ၏ Maroondah ရှိ ရေနုတ်မြောင်းစနစ်များ၏ မိတ္တူများကို ရေနုတ်မြောင်း အင်ဂျင်နီယာများမှ နေထိုင်သူများ အတွက် စီစဉ်ပေးနိုင်ပါသည်၊ သို့မှသာလျှင် ကောင်စီ၏ ရေနုတ်မြောင်းအပေါ် တာဝန်ဝတ္တရားများကို သင် ခွဲခြားသိနိုင်ပေမည်။

ရေနုတ်မြောင်းနှင့် မုန်တိုင်းရေ မြောင်းများနှင့်ပတ်သက်ပြီး နောက်ထပ်သောအချက်အလက်များအတွက်အား အင်ဂျင်နီယာ ဝန်ဆောင်မှုများထံသို့ 9298 4292 ဖြင့် ဖုန်းခေါ်ဆိုပါ။

## ရေဝပ်ခြင်းများမှ တားဆီးကာကွယ်ခြင်း

သင့် ရေနုတ်မြောင်းစနစ်အား ထိန်းသိမ်းပြုပြင်ခြင်းအားဖြင့် လူ့အသိုင်းအဝိုင်းထဲတွင် ရေဝပ်ခြင်းများတို့မှ  အောက်ပါအတိုင်း ကာကွယ်ရန် သင် ကူညီပေးနိုင်ပါသည် -

- သင့် ရေတံလျှောက်များကို ပုံမှန်သန့်ရှင်းစေခြင်းနှင့် ရေစိမ့်ပေါက်များကို စစ်ဆေးခြင်း
- မုန်တိုင်းရေမြောင်းထဲသို့ သစ်ရွက်များနှင့် အမှိုက်များ လှည်းချခြင်းမပြုရန်
- သင့်လျော်မှုမရှိသော အနှစ်များဖြစ်သည့် ချက်ပြုတ်ခြင်းမှအဆီများနှင့် ဆီများကို မုန်တိုင်းရေမြောင်းထဲသို့ မသွန်ချစေရန် သေချာစေခြင်း။

လမ်းမများပေါ်တွင် ရေဝပ်ခြင်း သို့မဟုတ် မုန်တိုင်းရေမြောင်းများနှင့်ပတ်သက်ပြီး သင့်စိုးရိမ်မှုတစ်စုံတစ်ရာရှိခဲ့ပါက ကျေးဇူးပြု ၍ ကောင်စီ၏ ထိန်းသိမ်းရေးရုံးသို့ 9294 5666 မှတဆင့် ခေါ်ဆိုပါ။